# ကျွန်ုပ် ဘာလုပ်ရန် လိုပါသလဲ။

25
2017 ခုနှစ် နိုဝင်ဘာလ

**2017 ခုနှစ် နိုဝင်ဘာလ 25 ရက်နေ့မတိုင်မီ ထုတ်ပေးမည့် DVOs အတွက်-** သင်သည် တစ်နိုင်ငံလုံးတွင် အကာအကွယ်ရနေစေရန် သင့် DVO ကို အချိန်မရွေး ကြေညာပေးရန် သင် ရွေးချယ်နိုင်သည်။

ဤကိစ္စကို သင်သည် ဩစတြေးလျနိုင်ငံရှိ မည်သည့် ဒေသဆိုင်ရာ တရားရုံးတွင်မဆို လျှောက်ထားခြင်းအားဖြင့် လုပ်နိုင်ပါသည်။ သင့် အမိန့်ကို ထုတ်ပေးခဲ့သည့် ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေရှိ တရားရုံးတစ်ခုတွင် လုပ်ရန်မလိုအပ်ပါ။

အကယ်၍ သင်သည် ဩစတြေးလျနိုင်ငံ၏ အခြား ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေသို့ ခရီးထွက်ရန် သို့မဟုတ် နေထိုင်ရန် ရည်ရွယ်နေသည်ဆိုလျှင် သင့်အမိန့်ကို မကြေညာပေးရန် သင် ရွေးချယ်ကောင်း ရွေးချယ်နိုင်သည်။ သင်သည် DVO ထုတ်ပေးခဲ့သည့် ပည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေတွင် ဆက်လက်၍ အကာအကွယ်ရနေပါလိမ့်မည်။

25
2017 ခုနှစ် နိုဝင်ဘာလ

**2017 ခုနှစ် နိုဝင်ဘာလ 25 ရက်နေ့ သို့မဟုတ် နောက်ပိုင်း ထုတ်ပေးမည့် DVOs အတွက်-** သင့် DVO ကို တစ်နိုင်ငံလုံးတွင် အလိုအလျောက် အသိအမှတ်ပြုထားပြီး ထပ်ဆင့် လုပ်ဆောင်ချက် တစ်ခုခုကိုလုပ်ရန် သင့်အတွက် မလိုအပ်ပါ။

# ထပ်ဆင့်သတင်း အချက်အလက်များ

အကယ်၍ လုပ်ဆောင်ချက်တစ်ခုခုလပ်ရန် လိုမလိုကို သင် မသေချာလျှင် သို့မဟုတ် သင့်တွင် ထပ်ဆင့် မေးရန်မေးခွန်းများရှိလျှင် **www.ag.gov.au/ndvos** သင့် ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေ သို့မဟုတ် သင့် ဒေသဆိုင်ရာ တရားရုံးကို ဆက်သွယ်ရန် တို့နှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ အတွက်ဖြစ်ပါသည်။

2017 ခုနှစ် နိုဝင်ဘာလ 25 ရက်နေ့မတိုင်မီ ဗစ်တိုးရီးယားပြည်နယ်၌ ထုတ်ပြန်ထားသည့် အာဏာသက်ရောက်လျက်ရှိနေသော မိသားစု အကြမ်းဖက်မှုဆိုင်ရာ အမိန့် အားလုံးကို အမျိုးသား အိမ်တွင်းအကြမ်းဖက်မှု အမိန့် အစီအစဉ် (National Domestic Violence Order Scheme) အရ အသိအမှတ်ပြုထားကြောင်း မှတ်သားထားရန် အရေးကြီးပါသည်။

Initiative of

ACT Government · NSW Government · Northern Territory Government · Queensland Government · Government of South Australia · Tasmanian Government · Victoria State Government · Government of Western Australia

Australian Government

**www.ag.gov.au/ndvos**

# တစ်နိုင်ငံလုံးဆိုင်ရာ အာဏာတည်စေမှု

## အိမ်တွင်း အကြမ်းဖက်မှု အမိန့်များ

တစ်နိုင်ငံလုံးဆိုင်ရာ အိမ်တွင်းအကြမ်းဖက်မှု အမိန့်များ အစီအစဉ်ကို တင်ဆက်ပြီးဖြစ်သည်

မြန်မာ / Burmese

National Enforcement of Domestic Violence Orders

**www.ag.gov.au/ndvos**

## တစ်နိုင်ငံလုံးဆိုင်ရာ အာဏာတည်စေမှု

**အိမ်တွင်း အကြမ်းဖက်မှု အမိန့်များ**

# နောက်ခံသမိုင်း

မိသားစုနှင့် အိမ်တွင်း အကြမ်းဖက်မှုကို လက်မခံနိုင်ပါ။ ကျူးလွန်ခံရသူ၏ ဘေးကင်းလုံခြုံရေးသည် အခရာကျပါသည်။

အိမ်တွင်း အကြမ်းဖက်မှု ကျူးလွန်ခံရသူများ၏ အကာအကွယ်ပေးမှုကို တိုးမြှင့်ပေးရန် နိုင်ငံလုံးလိုက် ဥပဒေ အသစ်များကို ပြဌာန်းပေးခဲ့ပါသည်။

ယခင်က အိမ်တွင်း အကြမ်းဖက်မှု အမိန့်များ (DVOs) များမှာ ၎င်းတို့အား ထုတ်ပေးခဲ့သည့် သို့မဟုတ် မှတ်ပုံတင်ထားခဲ့သည့် ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေ၌သာ သက်ဆိုင်သည်။

အဆိုပါ ကိစ္စမှာ ယခု ပြောင်းလဲခဲ့ပြီးဖြစ်သည်။

2017 ခုနှစ် နိုဝင်ဘာလ 25 ရက်နေ့တွင် တစ်နိုင်ငံလုံးဆိုင်ရာ အိမ်တွင်း အကြမ်းဖက် အမိန့် (National Domestic Violence Order Scheme) အစီအစဉ်ကို စတင်မည်ဖြစ်ပါသည်။ 2017 ခုနှစ် နိုဝင်ဘာလ 25 ရက်နေ့မှ စတင်၍ ထုတ်ပေးမည့် DVOs အားလုံးကို ယခုအခါ တစ်နိုင်ငံလုံး၌ အလိုအလျောက် အသိအမှတ်ပြုမည်ဖြစ်ပြီး အာဏာတည်စေနိုင်မည်ဖြစ်သည်။

# ကျူးလွန်ခံရသူများအား အကာအကွယ်ပေးခြင်း

တစ်နိုင်ငံလုံးဆိုင်ရာ အိမ်တွင်း အကြမ်းဖက်မှု အမိန့် အစီအစဉ်သည် ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုများအား အကာအကွယ်ပေးမှုများကို ပိုမို၍အားဖြည့်ပေးပါသည်။

သင်သည် သင့် DVO ကို အာဏာတည်ပေးစေရန်အတွက် ဩစတြေးလျနိုင်ငံ၏ အခြား ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေ၌ မှတ်ပုံတင်ပေးရန် လျှောက်ထားရန် မလိုတော့ပါ။

အကယ်၍ သင့်တွင် 2017 ခုနှစ် နိုဝင်ဘာလ 25 ရက်နေ့ မတိုင်မီ ထုတ်ပေးခဲ့သည့် လက်ရှိသက်တမ်းတည်သော DVO တစ်ခုရှိလျှင် ၎င်းကို တရားရုံးတွင် လျှောက်ထားခြင်းအားဖြင့် တစ်နိုင်ငံလုံး အသိအမှတ်ပြုစေနိုင်သည်။

ဩစတြေးလျနိုင်ငံတစ်ဝန်း ဒေသဆိုင်ရာ တရားရုံးများသည် DVO ကို ၎င်းအား မည်သည့်နေရာ၌မဆို ထုတ်ပေးစေကာမူ တစ်နိုင်ငံလုံး၌ အသိအမှတ်ပြုပေးစေရန် လုပ်ပေးနိုင်သည်။

ဒေသဆိုင်ရာ ရဲသည် မိမိတို့၏ ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေ၌ ထုတ်ပေးထားသော DVOs အားလုံး၏ စည်းကမ်းချက်များကို ၎င်းတို့မှာ မည်သည့်နေရာ၌မဆို ထုတ်ပြန်စေကာမူ အာဏာတည်စေနိုင်ပါသေးသည်။

ကျူးလွန်ခံရသူများနှင့်

အိမ်တွင်း အကြမ်းဖက်မှုကြောင့် ထိခိုက်ခံရသည့် မိသားစုဝင်များအား အကာအကွယ်ပေးသည့် တည်ဆဲ ပြည်နယ်နှင့် အုပ်ချုပ်ခံနယ်မြေ တရားဥပဒေများမှာ မပြောင်းလဲခဲ့ပါ။




# DVOS များကို အာဏာတည်စေခြင်း

အကယ်၍ သင်သည် DVO တစ်ခု၏ စည်းကမ်းချက်များကို မလိုက်နာလျှင် ပြစ်မှုတစ်ခုဖြစ်ပါသည်။

DVO တစ်ခုကို ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေ နယ်စပ်များက မကန့်သတ်ထားတော့ပါ။ ထုတ်ပေးထားသည့် DVOs အားလုံးမှာ ဩစတြေးလျနိုင်ငံတစ်ဝန်းလုံး၌ သက်ဆိုင်ပါသည်။

---

သင်၏ ပြည်နယ် သို့မဟုတ် အုပ်ချုပ်ခံနယ်မြေတွင် DVO တစ်ခုကို ကြားဖြတ်တားဆီးအမိန့်၊ မိသားစု အကြမ်းဖက် အမိန့်၊ ရဲဖမ်းဆီးနိုင်သော အိမ်တွင်း အကြမ်းဖက်မှု အမိန့် သို့မဟုတ် အကာအကွယ်ပေး အမိန့် ဟုခေါ်ကောင်း ခေါ်နိုင်ပါသည်။

---

ကျွန်ုပ်တို့သည် ယခုအခါ၌ ဩစတြေးလျနိုင်ငံသူနိုင်ငံသားများကို ပိုမို၍ ကာကွယ်ပေးနိုင်ပါသည်

**www.ag.gov.au/ndvos**